# BURMA UPDATE 208
## 26 SEPTEMBER 2007
## THE NINTH DAY OF SAFFRON REVOLUTION

## Saffron Revolution: The Killing Begins

On September 26th, the military junta committed the highest act of sacrilege by killing at least two monks (Student Monks Union claimed 5 in their verbal statement received by PDC while other sources estimated 7) at the most holiest site of Buddhism in Burma, Shwedagon Pagoda.

***Rangoon***

Despite junta's order not to assemble more than five persons and a night-time curfew in addition to blocking the exits of some monasteries, about 30,000 monks and about 300,000 people took to the streets. The authorities closed off major pagodas which are becoming the rallying points of protesters. When the monks and nuns tried to enter these holy sites, riot police and soldiers beat them with truncheons, kicked the monks or nuns who fell down and roughly dragged them away onto trucks to prison. The religious flag was also trampled upon. Hundreds of monks and more numbers of laypersons and students were thrown into prison today. Tear gas bombs were thrown and a few rounds of gunfire were shot at the protesters. Chief sites of junta violence were at Shwedagon Pagoda, Sule Pagoda, Sanchaung, Ahlone and Shwegontaing. Unconfirmed reports say that as many as seven monks and four laypersons were killed, 17 monks and four laypersons injured. While tear-gassing and beating, monks keep on with chanting *Metta* radiation prayers. In Sanchaung, monks were rescued from riot-police arrest by ward residents who battled and drove them out. In anger, protesters at Shwegontaing also burned down four government-owned cars and five motorbikes owned by intelligence.
In very early morning, junta security detained well-known comedian and one of coordinators of protest Zaganar and many other activists.

***Mandalay Division***

In spite of the junta order not to assemble more than 5 persons, and blockage of monateries, about 10,000 monks continued demonstrations at 1:00 PM in Mandalay. More than 100,000 people joined them. Although tear gas was thrown at and warning shots fired, demonstrators kept the momentum.
Yesterday night, Mandalay NLD leaders, MPs and comedian Parparlay were detained.
In Kyaukbataung, 1500 monks, 200 nuns and 30,000 people demonstrated.
In Myingyan, 3000 monks and over 10,000 people demonstrated. (Twenty police men also participated in yesterday's demonstrations.)

***Magwe Division***

In Pakokku, more than 2000 monks demonstrated joined by at least 100,000 people.

***Sagaing Division***

About 700 monks and 40,000 people demonstrated in Mon-ywa.

***Arakan State***

More than 4000 monks and 20,000 laypeople demonstrated in Akyab (Sittwe).

***Kachin State***

In very early morning, SPDC troops surrounded monasteries in Myitkyina and Bhamo and respectively took 132 monks and 108 monks into custody. Some of them were also beaten. Some of the NLD leaders and members were also arrested.

## ၂၆ စက်တင်ဘာ ၂၀၀၇

### ရန်ကုန်မြို့

ရန်ကုန်နှင့် မန္တလေးမြို့များတွင် ညမထွက်ရ အမိန့် ထုတ်ပြန်ထားပြီးနောက် လုံခြုံရေးများ တိုးချဲ့ချထားလိုက်ကာ နောက်ထပ် ဆန္ဒပြမှုကြီးများ မဖြစ်ရန် စစ်အစိုးရက ကြိုးစားနေသည်။

နိုင်ငံပိုင် မီဒီယာများမှ တရားဝင် ကြေညာခြင်းမရှိဘဲ ရပ်ကွက်များသို့ လှည့်လည်ကာ လော်စပီကာဖြင့် လိုက်လံ အော်ရာတွင် ည ၉ နာရီမှ နံနက် ၅ နာရီအထိ အပြင်မထွက်ရန် ပါရှိသည်။ ထို့အပြင် လူ ၅ ယောက်ထက် ပိုမစုရဟုလည်း ပါရှိသည်။ ကာဖျူး အမိန့်သည် ရက် ၆၀ သက်ရောက်မှု ရှိမည်ဟု ကြေညာချက်တွင် ပါရှိသည်။

ရန်ကုန်မြို့ ရွှေတိဂုံအနီးတွင် လက်နက်ကိုင် စစ်သားများ လုံခြုံရေးများ တင်းကျပ်စွာ ချထားနေသော်လည်း သံဃာတော်နှင့် ပြည်သူများလည်း အင်အားကြီးမားစွာ ရောက်ရှိနေပြီ ဖြစ်သည်။

ရွှေတိဂုံ အလယ်ပစ္စယံတွင်လည်း သံဃာအပါး ၅၀၀ ခန့်နှင့်ပြည်သူများကို စစ်တပ်က ပိတ်ဆို့ထားကြောင်း သိရသည်။
ရေတာရှည်လမ်းဘက်တွင် ပိတ်မိနေသူတဦးက ရွှေတိဂုံဘုရားဘက်တွင် မျက်ရည်ယိုဗုံးနှင့် ပစ်ခတ်သည်ကို မြင်ရသည်ဟု ပြောသည်။ ယင်းပိတ်မိနေသော သံဃာများနှင့် ပြည်သူများက မေတ္တာသုတ်များ ဆက်လက် ရွတ်ဆိုနေကြောင်း သိရသည်။

မျက်ရည်ယိုဗုံးဖြင့် ပစ်ခွဲ ရန်ကုန်မြို့ ရွှေတိဂုံဘုရား အနီး လုံထိန်းများက မျက်ရည်ယိုဗုံး ၄ လုံးကို သံဃာထုတွင်း ပစ်သွင်းလိုက်သလို ရိုက်နှက်မှုများလည်း လုပ်နေခဲ့သည်။ "လူသတ်သမား၊ လူသတ်သမားတွေ" ဟု ဆန္ဒပြသူ တဦးက အော်ရင်း ပြေးသွားသည်။ ဒေသခံ သတင်းထောက်တဦးလည်း အရိုက်ခံလိုက်ရသည်။

အနည်းဆုံး လူ ၃ သိန်းကျော် ယနေ့ ဆန္ဒပြ၊

ညတနာရီတွင် လူ့ရှင်တော် ဇာဂနာ၏နေအိမ်ကို ရှာဖွေပုံစံဖြင့် ဝင်ရောက်ရှာဖွေကာ ည ၂ နာရီကျော်တွင် ဖမ်းဆီး ခေါ်ဆောင်သွားသည်။ နေအိမ်သို့ ည ၁ နာရီခန့်က ဝင်ရောက် ရှာဖွေပြီး ဓာတ်ပုံများ၊ တယ်လီဖုန်းတို့ကို သိမ်းဆည်းကာ ဖမ်းဆီးခြင်း ဖြစ်သည်။

*(ရန်ကုန်မြို့တွင် ပထမ ကြေငြာထားသော ည ၉ နာရီမှ၊ မနက် ၅ နာရီအထိ ညမထွက်ရ အမိန့်အစား ည ၆ နာရီမှ မနက် ၆ နာရီ အထိ ပြောင်းလဲလိုက်ကြောင်း ကြေငြာသွားပါတယ်။)*

### မန္တလေးတိုင်း

မန္တလေးမြို့ – လူ ၅ ယောက်ထက် ပိုမစုရ အမိန့် ထုတ်ထားသော်လည်း တောင်းဆိုချက်များ မလိုက်လျောမချင်း ဆက်လက် ဆန္ဒပြမည်ဟု ကြေညာခဲ့သည့် အတိုင်း သံဃာတော်များက ယနေ့ နေ့လည် ၁ နာရီခန့်တွင် စတင် ဆန္ဒပြကြသည်။
မန္တလေးမြို့မှာ မွန်းတည့်ချိန်ကစပြီး သံဃာတော်တွေ စီတန်းကြွချီဆန္ဒပြနေကြတာ မွန်းလွဲ (၃) နာရီမှာ သံဃာတော် (၃) သောင်းကျော်နေပြီဖြစ်တယ်လို့ မန္တလေးမြို့ခံများက ပြောပါတယ်၊ ဓမ္မိကာရာမ၊ တောင်ထီးလင်း စတဲ့ကျောင်းတိုက်များက သံဃာတော် (၁) သောင်းကျော် စတင်ကြွချီရာမှာ သီလရှင်များနဲ့ ပြည်သူသောင်းချီလိုက်ပါပြီး လမ်းတလျှောက် သံဆူးကြိုးများကို ကျော်ဖြတ်သွားရတယ်လို့ မန္တလေးမြို့ခံတဦးက ပြောပါတယ်။

ကျောက်ပန်းတောင်းမြို့ - မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ တွင် သံဃာနှင့် ပြည်သူများ စုပေါင်း၍ ယနေ့ နေ့လည်တွင် ဆန္ဒပြနေပြီ ဖြစ်သည်။ဘုန်းကြီး ၁၅၀၀ အပါး ရှိတယ်။ မယ်သီလ ၂၀၀ အနည်းဆုံး ရှိတယ်။ လူထုတွေက ၃၀၀၀၀ လောက် ရှိတယ်။

မြင်းခြံမြို့ - မန္တလေးတိုင်း မြင်းခြံမြို့နယ်တွင် ယနေ့ ဆက်လက်ဆန္ဒပြခဲ့ကြသည်။ ကိုးဆောင်ကျောင်းမှ သံဃာတော် အပါး ၃၀၀၀ ခန့်က ငြိမ်းချမ်းစွာ ဆန္ဒပြကြခြင်း ဖြစ်ပြီး ပြည်သူလူထု တသောင်းကျော်က လိုက်ပါခဲ့ကြသည်။

*(ယမန်နေ့က ပြုလုပ်သည့် ဆန္ဒပြပွဲတွင် ရဲဝန်ထမ်း ဦးရေ ၂၀ ခန့်လည်း ဆန္ဒပြပွဲတွင် ပူးပေါင်းပါဝင်ခဲ့သည်ဟု သိရသည်။)*

### မကွေးတိုင်း

ပခုက္ကူမြို့ - ပခုက္ကူမှာ ဆန္ဒပြ သံဃာကတော့ များပါတယ်။ ခန့်မှန်းခြေ ၁၀၀၀ လောက် ရှိသွားပြီ။

### စစ်ကိုင်းတိုင်း

မုံရွာမြို့ - သံဃာ အင်အားက ၆၀၀၊ ၇၀၀ လောက် ရှိတာပေါ့။ စတာက နေ့လည် ၁၂ ကျော် လောက်မှာ စတယ်။လူက အရမ်းများတယ်ဗျ၊ ၃-၄ သောင်းလောက် ရှိမယ်။

### ရခိုင်ပြည်နယ်

စစ်တွေမြို့ - စစ်တွေမြို့မှာ ဆန္ဒပြလူဦးရေ တော်တော်များပါတယ်။ မွတ်ဆလင်ဘာသာတွေလည်း ပါပါတယ်။ ရခိုင်ပြည်နယ် စစ်တွေတွင် သံဃာတော်နှင့် ပြည်သူများ စုပေါင်းဆန္ဒပြပွဲကို စတင်လိုက်ပြီ ဖြစ်သော်လည်း ယခုအချိန်အထိ အင်အားစုအားလုံး တနေရာတည်းတွင် မဆုံဆည်းမိသေးကြောင်းနှင့် တွေ့မြင်လိုက်ရသည့် ဆန္ဒပြ အုပ်စုတခုတွင်မှ သံဃာအင်အား ၄၀၀၀ ကျော်နှင့် ပြည်သူ နှစ်သောင်းကျော် ရှိကြောင်း ဒေသခံတဦးက ပြောသည်။

### ကချင်ပြည်နယ်

ဖားကန့် - ယနေ့ ဖားကန့်က ရသော သတင်းများအရ ယခင်ရက်များက ဆန္ဒပြမှုများတွင် ဦးဆောင်ပါဝင်သော သိမ်တော်ကြီးကျောင်းတိုက်မှ သံဃာ ၁၀၈ ပါးကို ယနေ့နံနက် လင်းအားကြီးတွင် စစ်တပ်က ဝင်ရောက်ဖမ်းဆီးသွားခဲ့သည်။ ထွက်ပြေးရန် ကြိုးစားသည့် သံဃာများနှင့် လိုက်ပါရန်ငြင်းဆန်သည့် သံဃာများအား စစ်တပ်က အကြမ်းဖက် ရိုက်နှက်မှုများ ရှိသည်ဟု မြို့ခံတဦးက ဆိုသည်။

မြစ်ကြီးနား - မြစ်ကြီးနားတွင်လည်း ခေမာသီရိကျောင်းတိုက်နှင့် ယုဇနကျောင်းတိုက်များကို စစ်တပ်က ဝင်ရောက် စီးနင်းခဲ့သည်။ ယုဇန ကျောင်းတိုက်မှ သံဃာ အပါး ၉၀ နှင့် ခေမာသီရိကျောင်းတိုက်မှ သံဃာတော် ၄၂ ပါးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။